# Printer အိမ်မက်ဆိုး ၅ ခု ကို ဘယ်လိုဖြေရှင်းမလဲ

**နည်းနည်းလေး ဂရုစိုက်လိုက်မယ်ဆိုရင် printer အတွက် ခေါင်းစားရတာ သက်သာသွားပါလိမ့်မယ်။ အဖြစ်အများဆုံး ပြဿနာ ၅ခု အတွက် အခြေခံအချက်တွေကို ဖော်ပြထားပါတယ်။**

လူတိုင်းက printer တွေကို မုန်းသလိုပါပဲ။ အလိုအပ်ဆုံးအချိန်မှာ error message တက်ပြီး စာရွက်ညပ်တာ၊ မင်မရှိတာတွေ ဖြစ်တတ်ပါတယ်။ ဒါပေမဲ့ စိတ်ရှည်ပြီး ဂရုစိုက်မယ်ဆိုရင် printer နဲ့ပတ်သက်တဲ့ ပြဿနာတွေကို ကျော်လွှားနိုင်မှာဖြစ်ပါတယ်။ Printer အများစုဖြစ်တတ်တဲ့ အချက် ၅ချက် ကို တင်ပြပေးသွားပါမယ်။

## ❶ စာရွက်ညပ်ခြင်း

စာရွက်တွေ printer ကတစ်ဆင့် ထွက်လာတဲ့အခါမှာ စာရွက်ညပ်တာတွေ ဖြစ်တတ်ပါတယ်။ Print ထုတ်နေရင်း အလယ်လောက်မှာ ရပ်သွားနိုင်ပါတယ်။ တော်တော်များများ အထဲမှာညပ်ပြီး ကျန်နေတတ်ပါတယ်။

အဲဒီလိုစာရွက်ညပ်တဲ့အခါမှာ တချို့ printer တွေက အရောင်တွေလင်းလာပြီး အကူအညီ တောင်းတတ်ပါတယ်။ တချို့ကတော့ ညပ်သွားတဲ့နေရာကို ပြောပြီး လမ်းညွှန်မှုတွေ လုပ်ပါတယ်။ ကိုယ်လည်း အဲဒီလိုဖြစ်တယ်ဆိုရင် ဒီအကြံပေးချက်တွေကို လိုက်နာကြည့်ပါ။ Documentation တွေကိုလည်း တိုက်ကြည့်ပါ။ အခြေခံလိုက်နာရမယ့် အချက်တွေကတော့



### Printer ကိုပိတ်လိုက်ပါ

လျှပ်စစ်နဲ့ တခြားအစိတ်အပိုင်းတွေနဲ့ ပတ်သက်ပြီး အလုပ်ရှုပ်ချင်မှာ မဟုတ်ပါဘူး။ Fuser unit နားမှာ စာရွက်ညပ်တယ်ဆိုရင် fuser အေးသွားတဲ့အထိ စောင့်ပါ။

### စာရွက်ထွက်လာမယ့် လမ်းတစ်လျှောက် အဖုံးတွေ ဖွင့်ထားပါ

ညပ်တဲ့နေရာ ဘယ်မှာလဲဆိုတာ မပြောနိုင်ရင် စာရွက်သွင်းတဲ့ tray ကိုဖြုတ်လိုက်ပါ၊ ဒါမှမဟုတ် ဖွင့်လိုက်ပါ။ စာရွက်ထွက်တဲ့ tray တစ်လျှောက် လိုက်သွားပါ။ တွေ့တဲ့ တံခါးတွေ panel တွေကို ဖွင့်သွားပါ။

### စာရွက်တွေကိုသေသေချာချာဆွဲထုတ်ပါ

ညပ်နေတဲ့ စာရွက်တွေကို စစ်ပြီး လမ်းကြောင်းကနေ ဂရုတစိုက်နဲ့ ညင်ညင်သာသာ ထုတ်ပါ။ ဖြစ်နိုင်ရင် စာရွက်ထွက်နေတဲ့ လမ်းကြောင်းကနေ ဆွဲထုတ်ပါ။ နောက်ပြန် ဆွဲမထုတ်ပါနဲ့။ စာရွက်တွေအားလုံးကို ဖယ်လိုက်ပါ။ စာရွက်အပိုင်းအစ ကျန်နေတာမျိုးက နောက်ထပ် ညပ်တာမျိုး ဖြစ်နိုင်ပါတယ်။ Printer မှာရှိတဲ့ စက်ပိုင်းဆိုင်ရာ အတွက်ဆိုရင်တော့ service ခေါ်ပါ။

### Printer ကိုဖွင့်ပါ

ဖွင့်လိုက်တာနဲ့ printer က သူ့ဘာသာ reset လုပ်သင့်ပါတယ်။ Printer က jam ဖြစ်နေသေးတယ်လို့ဆက်ပြောတယ်ဆိုရင်တော့ အကြွင်းအကျန်ရှိသေးလား သေချာထပ်စစ်ပါ။ ဆက်ပြောနေသေးတယ်ဆိုရင် ပိတ်ပြီး ပြန်ဖွင့်ပါ။ ဒါမှ မရတော့ရင် service ခေါ်ပါ။

### နောက်ထပ် တစ်ကြိမ်မဖြစ်အောင်

စာရွက်သွင်းတဲ့ tray ထဲမှ တစ်ကြိမ်မှာ တူညီတဲ့စာရွက် အမျိုးအစားကိုပဲ သုံးပါ။ ကိုယ့်ရဲ့ printer က စာရွက်သွင်းတဲ့ tray တစ်ခုထက်ပိုရှိတယ်ဆိုရင် ဘယ်လိုစာရွက် အမျိုးအစား

လဲဆိုတာ ပြောပါ။ Printer အများစုမှာတော့ စာရွက်အမျိုးအစား၊ နာမည်၊ အရွယ်အသွေး၊ အထူအပါး စတာတွေပါတဲ့ dropdown list တစ်ခု ပါဝင်တတ်ပါတယ်။ ကိုယ့်ရဲ့ printer က ဘယ်စာရွက်အမျိုးအစားသုံးလဲဆိုတာ မသေချာရင် documentation ကို ပြန်ကြည့်ပါ။ စာရွက်သွင်းတဲ့ tray ကိုပြန်ထည့်တဲ့အခါ စာရွက်ဘယ်လို load ဖြစ်မလဲဆိုတာဂရုစိုက်ပါ။ အလျား၊ အနံ စစ်ဆေးပြီး လိုအပ်ရင် adjust လုပ်ပါ။

## ❷ Queue ထဲမှာ ပြည့်နေတယ်

Printer ဟာ တစ်ချိန်မှာ job တစ်ခုပဲလုပ်ပြီး print ထုတ်ပါတယ်။ ဒီ job လုပ်နေတယ်ဆိုရင် တခြားနောက်က job တွေကို block လုပ်ပါတယ်။ စက်ပိုင်းဆိုင်ရာကြောင့် printer ရပ်သွားတယ်ဆိုရင် ရှေ့မှာရှိတဲ့ job ကများ တစ်ခုခုဖြစ်လား ဆိုတာသိဖို့ print queue ကို စစ်ကြည့်ပါ။

### Printer က network မချိတ်ထားဘူးဆိုရင်

Printer က network ချိတ်ထားတာ မရှိဘူးဆိုရင်တော့ print queue ကို တိုက်ရိုက်သွားနိုင်ပါတယ်။ Windows မှာဆိုရင်တော့ control panel နဲ့ printer program item ကိုသွားပါ။ Mac မှာ ဆိုရင်တော့ utilities ထဲက print & fax program item ကိုသွားပါ။ ပြည့်ကျပ်နေတဲ့ job တွေကို အဲဒီမှာ list လုပ်ထားတာဖြစ်ပြီး အလွယ်တကူလည်း cancle လုပ်နိုင်ပါတယ်။

### Printer က network ချိတ်ထားတယ်ဆိုရင်

Network ချိတ်ထားတဲ့ queue ဖြစ်တယ်ဆိုရင် ကိုယ့်ရဲ့ ကိုယ်ပိုင် PC ကနေ ပို့လိုက်တဲ့ job တွေကိုပဲ control လုပ်ပါ




တခြားလူရဲ့ job တွေဆိုရင် ပြဿနာ ဖြစ်နိုင်ပါတယ်။ ဒါဆိုရင် IS department ကို မေးနိုင်ပါတယ်။

### နောက်တစ်ကြိမ် မဖြစ်ရအောင်

Print queue က ခဏခဏပြည့်နေတယ် ဆိုရင်တော့ ဘာကြောင့်ဖြစ်တာလဲဆိုတာ သိဖို့အတွက် IT staff လိုပါတယ်။ Network ကို ကျသွားစေနိုင်တာ၊ ဒါမှမဟုတ် printer ရဲ့ memory စားစေနိုင်တဲ့ ကြီးမားတဲ့ file size ရှိတဲ့ job ကို print လုပ်ဖို့ ကြိုးစားတာမျိုးက ဖြစ်တတ်တဲ့ ပြဿနာတွေ ဖြစ်ပါတယ်။

မှန်ကန်တဲ့ tray မှာ စာရွက်မထည့်ဘဲနဲ့ တခြား letterhead လို စာရွက်အမျိုးအစားကို ထုတ်ဖို့ ကြိုးစားတာမျိုးလဲ ဖြစ်တတ်ပါတယ်။ စာရွက်တွေကို manual ထည့်ဖို့ လိုအပ်တဲ့ print job မျိုးကို လုပ်ထားပါ။

## ❸ Print Job လုပ်နေတုန်းမှာ မီးပျက်သွားခြင်း

ဒါကိုလည်း စာရွက်ညပ်သလိုမျိုးပဲ ဆောင်ရွက်ရမှာပါ။

### Printer ကိုပိတ်ပါ

ကိုယ် ပြန်လည်ပြင်ဆင်နေစဉ်မှာ ရုတ်တရက် အစိတ်အပိုင်းတွေ ထပြီး အလုပ်မလုပ်နိုင်အောင် မီးတွေ ပိတ်ထားပါ။

### စာရွက်ထွက်တဲ့လမ်းကြောင်းကို ရှင်းထားပါ

တစ်ဝက်တပျက် print မှာရှိနေတဲ့ စာရွက်တွေကို ဖယ်ပစ်ပါ။

### Printer ကိုဖွင့်ပါ

Printer စပြီး အလုပ်လုပ်ချိန်မှာ error message တွေကို စစ်ပါ။ Malfunction၊ ဒါမှမဟုတ် အပျက်အစီးဖြစ်နိုင်တဲ့ ဆူညံသံတွေကို စစ်ပါ။ Laser၊ ဒါမှမဟုတ် LED printer ရှိတယ်ဆိုရင် drum ကနေ toner ရှင်းဖို့ maintenance အတွက် documentation နဲ့ တိုက်ကြည့်ပါ။ Inkjet cartridge ကို ပြန်ရှင်းပေးဖို့ လိုအပ်ပါတယ်။ Test page ကို run ပြီး စစ်ပါ။ တခြားသိချင်တာတွေအတွက် printer ရဲ့ documentation တွေကို လေ့လာပါ။

### နောက်တစ်ကြိမ် မဖြစ်ရအောင်

Printer က သူ့ဘာသာ ပိတ်သွားတာမျိုးက နည်းပါတယ်၊ ခဏခဏဖြစ်တယ်ဆိုရင် printer ကိုနောက် တစ်ကြိမ်

မီးပျက်သွားတဲ့အခါမျိုးမှာ ပုံမှန်အတိုင်း print ပြီးအောင် ထုတ်ပြီး power ပိတ်ဖို့ printer ကို UPS device နဲ့ ချိတ်ထား ပေးပါ။

## ❹ ဓာတ်ပုံစာရွက်ကို ဘက်မှားသုံးမိခြင်း

ဓာတ်ပုံထွက်လာတာကို စိတ်ဝင်တစား စောင့်နေပေမယ့် ထွက်လာတာကတော့ မင်တွေ အကွက်အကွက်နဲ့ ဖြစ်နေတာပါပဲ။ ခြောက်လည်းမခြောက်ပါဘူး။ ဓာတ်ပုံစာရွက်ကို ဘက်မှားပြီးထုတ်မိတာ ဖြစ်ပါတယ်။



### ဖြစ်နိုင်ရင် print job ကို cancle လုပ်ပါ။

ဓာတ်ပုံစာရွက်တွေကို တစ်ခါတည်း ထုတ်တော့မယ်ဆိုရင် အရမ်းအရေးကြီးပါတယ်။ တစ်ခုမှားသွားတာနဲ့ အများကြီးပါသွားနိုင်ပါတယ်။

### စာရွက်ကို သေချာဖယ်ပြီး မင်တွေမရှိအောင် လုပ်ပါ

လက်ချည်းပဲမသုံးဘဲနဲ့ လက်အိတ်တွေစွပ်ပါ။ ဒါမှမဟုတ် လက်ကိုင်ပဝါတွေ၊ paper tower တွေသုံးပါ။

### စာရွက်ကို လွှင့်ပစ်ပါ

ဟုတ်ပါတယ်။ စာရွက်တွေကို လက်ပြန်နှုတ်ဆက်လိုက်ရမှာ ဖြစ်ပါတယ်။




### နောက်တစ်ကြိမ် မဖြစ်ရအောင်

Documentation ကို စစ်ကြည့်ပြီး ဓာတ်ပုံစာရွက်ကို မှန်မှန်ကန်ကန် ထည့်ထားလားဆိုတာ သေချာစေဖို့ လိုပါတယ်။

## ❺ Toner Ink များဖိတ်စင်ခြင်း

ပုံမှန်သုံးနေရင်းနဲ့ toner တွေ printer အထဲမှာ ဖိတ်ကုန်တတ်ပါတယ်။ ဒါမှမဟုတ် cartridge ကို အစားထိုးတဲ့အခါမှာ မျက်နှာပြင်အဝတ်စ၊ အရေပြား၊ ကော်ဇောတွေပေါ်ကို ကျနိုင်ပါတယ်။

### အခြေခံကာကွယ်မှုတွေ လုပ်ပါ

ဖိတ်သွားတဲ့ toner တွေကို အခြောက်ခံပါ။ ဖယ်ရှားဖို့ ရေပူ၊ ရေအေးနဲ့ အပူတွေကို မသုံးပါနဲ့၊ ဂရုတစိုက်နဲ့ ပုံမှန်သန့်ရှင်းရေးကိုပဲ လုပ်ပါ။ အိမ်မှာရှိတဲ့ ဖုန်စုပ်စက်ကို မသုံးပါနဲ့။ Toner ကို မရှူမိပါစေနဲ့။

### ဖိတ်သွားတဲ့ toner တွေကို ဖယ်ရှားဖို့ အခြေခံနည်း ၃ သွယ်ထဲက တစ်ခုကို ချင့်ချိန်ကြည့်ပါ

မာကျောပြီး ချောမွေ့တဲ့နေရာမှာ ကျသွားရင် ကတ်ထူသုံးပြီး paper towels နဲ့ ပလပ်စတစ်အိတ်၊ ဒါမှမဟုတ် ပိတ်ထားလို့ရတဲ့ အိတ်ထဲကို ဂရုတစိုက် လှည်းကျုံးပြီးထည့်ပါ။

အထူးပြုလုပ်ထားတဲ့ toner ဖယ်ရှားစက်ဟာလည်း စဉ်းစားသင့်တဲ့ စက်တစ်မျိုး ဖြစ်ပါတယ်။ နေရာသေးသေးလေးတွေအထိ ရောက်အောင် ဒီဇိုင်းရေးထားပြီး printer ဒါမှမဟုတ်

ကော်ဇောပေါ်ကနေ toner တွေကို ဆွဲထုတ်ပြီး အမှုန်သေးသေးလေးတွေအထိ ဖယ်ရှားနိုင်အောင် လုပ်ထားပါတယ်။

## နောက်တစ်ကြိမ် မဖြစ်ရအောင်

အမြဲတမ်း toner ဗူးတွေကို သတိထားပြီး ကိုင်တွယ်ပါ။ အထူးသဖြင့် ထည့်တဲ့၊ ထုတ်တဲ့ အချိန်မှာ ဖြစ်ပါတယ်။ Toner ဗူးတွေနဲ့ အလုပ်မလုပ်ခင်မှာ ပတ်ဝန်းကျင် ဧရိယာကို ဖိတ်စင်ကျတာကနေ ကာကွယ်ဖို့ အဝတ်စတွေ၊ စက္ကူစတွေနဲ့ ဖုံးအုပ်ထားပါ။

## မင်တွေကုန်ပြီဆိုပြီး စိတ်မကောင်းမဖြစ်ပါနဲ့

မင်တွေ ဖိတ်ကျသွားပြီး ပတ်ဝန်းကျင်မပျံ့ဖို့က ရှားပါတယ်။ လိုအပ်တဲ့ ဖယ်ရှားမှုတွေကိုသာ သတိပီရိယနဲ့ ပြုလုပ်ပါ။

## ပထမဆုံး လုပ်ရမယ့်အလုပ်

စိမ့်ယိုထွက်နေတဲ့ မင်တွေကို အရည်စုပ်ယူနိုင်တဲ့ အဝတ်၊ ဒါမှမဟုတ် paper towel နဲ့ ပိတ်ဆို့ပေးပါ။

## အရေပြားပေါ်က မင်တွေ

ဆပ်ပြာနဲ့ ရေကိုသုံးပြီး ပွတ်တိုက်ဖယ်ရှားလို့ရပြီး တခြားသန့်ရှင်းရေးဆပ်ပြာတွေကိုလည်း အသုံးပြုလို့ရပါတယ်။

## ချည်ထည်နဲ့ ကော်ဇောပေါ်က မင်တွေ

ဆပ်ပြာနဲ့ ရေကို အသုံးပြုပြီး အစွန်းအထင်းတွေကို အပေါ်နဲ့ အတွင်းဘက်ကို ပွတ်ပြီးဖယ်ရှားပေးပါ။ အပေါ်ဘက်ကို ဦးတည်ပွတ်တိုက်တာက ချည်ထည်တွေထဲကို မင်တွေ ပိုစိမ့်မဝင်သွားအောင်ဖြစ်ပြီး အတွင်းဘက်ကို ဝိုက်ပြီး သုတ်တာက အစွန်းအထင်း ထပ်ပြီး မကျယ်သွားအောင်ဖြစ်ပါတယ်။

## မျက်နှာပြင် အမာပေါ်က မင်တွေ

ပိတ်ဆို့ဖယ်ရှားပြီးတာတောင် ကျန်နေတယ်ဆိုရင်တော့ သူ့ရဲ့ မျက်နှာပြင်အနေအထားနဲ့ ကိုက်ညီတဲ့ နောက်ထပ် ဖယ်ရှားတဲ့ နည်းလမ်းကို စမ်းကြည့်ပါ။

## Printer ထဲကမင်တွေ

ဖယ်ရှားရှင်းလင်းမှုဟာ ဒီနေရာမှာ အတော်လက်ဝင်တဲ့ အလုပ်ဖြစ်ပါတယ်။ ရလဒ်ကလည်း မကောင်းပါဘူး။ တတ်နိုင်သမျှ printer ကို ပိတ်ထားပါ။ ပွင့်နေတဲ့အခါမှာပဲ cartridge access ရမယ်ဆိုရင် ဆက်ဖွင့်ထားပါ။ Cartridge တွေကို စစ်ဆေးပါ။ ဒီ cartridge တွေကို ဖယ်မယ်ဆိုရင်၊ ဒါမှမဟုတ် ဒီအတိုင်းထားမယ်ဆိုရင် ဒီဖြစ်ရပ်ဟာ ပိုဆိုးသွားမလား



ဆိုတာကို ဆုံးဖြတ်နိုင်ရပါမယ်။

အဲဒီလိုမလုပ်ရသေးရင်တော့ printer ကိုပိတ်ထားပါ။ အတွင်းဘက်ကို ကြည့်ပါ။ ယိုဖိတ်နေတဲ့ အပိုင်းကို ရှာပြီး ဖယ်ပစ်ပါ။ နောက်ထပ်ရှင်းလင်းဖို့ alcohol နဲ့ lint-free အဝတ်စတွေကို သုံးပါ။ အထဲမှာ ဘာမှ ကပ်မနေအောင် ဂရုစိုက်ပါ။

Test page တစ်ခု ထုတ်ပြီး လက်ကျန်မင်အနေအထားကို စစ်ကြည့်ပါ။ Printer က ပုံမှန်အလုပ်လုပ်နေတာ သေချာနေပါစေ။ ကံကောင်းရင်တော့ မင်တွေ သူ့ဘာသာ ထွက်သွားပြီး printer ကတဆင့် page တွေထွက်လာရင်တော့ အားလုံး ကောင်းသွားပါလိမ့်မယ်။ ကံမကောင်းရင်တော့ ဖယ်ထုတ်လို့မရတဲ့ မင်တွေက နောက်ထပ်အပျက်အစီးတွေ ထပ်ဖြစ်စေပါလိမ့်မယ်။

## နောက်တစ်ကြိမ် မဖြစ်ရအောင်

မင်ဗူးတွေကို သေချာကိုင်တွယ်ပါ။ Refill လုပ်ချိန်၊ သွင်းနေတဲ့အချိန်၊ ထုတ်နေတဲ့ အချိန်တွေကို လုံးဝ သတိထားရပါမယ်။ ဖိတ်ကျပြီဆိုရင်တော့ သတင်းစာစက္ကူ ၊ paper towel တွေသုံးပြီး ကာကွယ်ပါ။ ■